unite for children

unicef

## နာဂစ်ဆိုင်ကလုံးမုန်တိုင်းအပြီး ရက်ပေါင်း ၆၀အကြာ

# မုန်တိုင်းဒဏ်ခံခဲ့ရသော ကလေးသူငယ်များနှင့် မိသားစုများအတွက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်

ရန်ကုန်၊ ၂၀၀၈ ဇူလိုင် ၈ ရက်။ ။ နာဂစ်မုန်တိုင်းအပြီး နှစ်လအကြာတွင် လူပေါင်း ၈၄,၀၀၀ကျော် သေဆုံးခဲ့ရပြီး ၅၄,၀၀၀ကျော် ပျောက်ဆုံးနေဆဲဖြစ်ပါ သည်။ ထိုအခြေအနေတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)သည် မုန်တိုင်းဒဏ်အဆိုးဝါးဆုံးရိုက်ခတ်ခံခဲ့ရသော ဒေသများရှိ ကလေးသူငယ်များနှင့် မိသားစုများအား ဆေးဝါးနှင့် အာဟာရ ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းများ ပြန်လည်ဖွင့်နိုင်ရေးနှင့် ကလေးသူငယ်များအားကာကွယ်စောင့်ရှောက်ရေးတို့ဖြင့် ပံ့ပိုးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

“နာဂစ်ဆိုင်ကလုံးက ကလေးတွေရဲ့ အသက်၊ လုံခြုံမှုနဲ့ အေးချမ်းသာယာမှုတွေကို ထိခိုက်သွားစေခဲ့ပါတယ်။ မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ကလေးတွေရဲ့ ကျန်းမာရေး၊ အာဟာရ၊ ပညာရေးနဲ့ကာကွယ်စောင့်ရှောက်ရေးလိုအပ်ချက်တွေနဲ့သည်ကလေးတွေ ရသင့်ရထိုက်တဲ့ အကူအညီမှန်သမျှ ရရှိအောင်လည်း ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကလေးသူငယ်တွေ ခံစားနေကြရတဲ့ အတိဒုက္ခကို မကိုင်တွယ် မဖြေရှင်းဘဲထားလို့၊ မေ့လျော့ထားလို့ မရပါဘူး”ဟု မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ဌာနေကိုယ်စားလှယ် ရာမက်(ရှ်) ရှရက္ခသာက ဆိုပါသည်။

အလှူရှင်များ၏ ပံ့ပိုးမှုဖြင့် ယူနီဆက်သည် အစိုးရ၊ ကုလသမဂ္ဂအေဂျင်စီများ၊ အခြားတွဲဖက်ဆောင်ရွက်သူများနှင့်အတူ မြစ်ဝကျွန်းပေါ်ရှိ လက်လှမ်းမီရန်ခက်ခဲသော အရပ်ဒေသများအထိ ရဟတ်ယာဉ်များ၊ စက်လှေများဖြင့် အရောက်သွားကာ လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများအား ဖြန့်ဝေပေးလျက်ရှိပါသည်။ လူပေါင်း ၂.၄သန်းမှာ မုန်တိုင်း၏ရိုက်ခတ်မှုဒဏ်ကို အပြင်းအထန် ခံစားခဲ့ရပြီး လူပေါင်၁သန်းမှာ အိုးမဲ့အိမ်မဲ့ဖြစ်ကာ အသက်မွေးဝမ်းကျောင်းနိုင်ခြင်းလည်း မရှိကြတော့ ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားပါသည်။

ယူနီဆက်မှ အောက်ဖော်ပြပါ ကူညီထောက်ပံ့မှုများကို ပေးအပ်လျက်ရှိပါသည်။

**ကျန်းမာရေးနှင့် အာဟာရ**

ကလေးငယ်များအပါအဝင်လူပေါင်း ၆ သိန်းတို့ကို ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားအောင် ကုသပေးနိုင်သည့် ဓာတ်ဆားရည်များ၊ ပဋိဇီဝဆေးဝါးများ၊ infusion ၊ ကာကွယ်ဆေးများ၊ ဗီတာမင်အေများပါဝင်သည့် အသက်ကယ်ဆေးများနှင့် ဆေးဝါးထောက်ပံ့ရေးပစ္စည်းများကို ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းများရှိ မုန်တိုင်းဒဏ်ခံစားခဲ့ရသည့်နေရာများသို့ ယူနီဆက်က ပေးပို့ခဲ့ပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများမှာ အကြီးအကျယ် ဖြစ်ပွားခြင်း မရှိသော်လည်း ထိုရောဂါများမှာ ယခုလိုရာသီတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသည့်အားလျော်စွာအထိုက်အလျောက် ရှိခဲ့သည်ဟု သိရှိခဲ့ပါသည်။ ဆိုင်ကလုံးမုန်တိုင်း ဒဏ်ရိုက်ခတ်ခြင်းခံထားရသော အသက်၁၅နှစ်အထိ ကလေးသူငယ်များကိုဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံရေးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရကို ယူနီဆက်က ပံ့ပိုးပေးခဲ့ပါသည်။

ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အထူးတလည် လိုအပ်နေ ချိန်တွင် ကျန်းမာရေးဌာနများ ပျက်စီးသွားခြင်းနှင့်မုန်တိုင်းကြောင့် သေဆုံးခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းများအင်အား လျော့နည်းနေခြင်းတို့သည်ကျန်းမာရေးကဏ္ဍတွင် လတ်တလော ရင်ဆိုင်နေရသောအခက်အခဲတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ထမ်းအသင်း၊ မြန်မာနိုင်ငံ သူနာပြုများနှင့် သားဖွားဆရာမများအသင်းတို့နှင့် ပူးပေါင်း ဆောင်ရွက်ပြီး လပွတ္တာ၊ ဘိုကလေးနှင့် ဖျာပုံတို့တွင် ကျန်းမာရေးလုပ်သားများ၊ သူနာပြုများနှင့် သားဖွားဆရာမများ စုစုပေါင်း ၁၁၀ ကို ယူနီဆက်က တာဝန်ပေး အပ်ထားပြီးဖြစ်ပါသည်။

ထို့အပြင်မိသားစုသုံးပစ္စည်းအစုံပေါင်း ၄၁,၀၀၀ကျော်၊ ဆေးစိမ်ခြင်ထောင်ပေါင်း ၁၈၆,၀၀၀နှင့် ကျန်းမာရေးဌာနပြင်ပတွင် မီးဖွားကြသော အမျိုးသမီးများအတွက် ဘေးအန္တရာယ်ကင်းစွာမီးဖွားနိုင်သော မီးဖွားပစ္စည်းအစုံပေါင်း ၂၁,၀၀၀ကိုလည်း ဖြန့်ဝေခဲ့ပါသည်။ အလောင်းများအား ဖယ်ရှားရှင်းလင်းရာတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်း နှင့် လက်အိတ် စုစုပေါင်း ၈၆,၀၀၀ ကိုကယ်ဆယ်ရေးလုပ်သားများအတွက်ပေးအပ်ခဲ့ပါသည်။

စခန်းများအားလုံးရှိ ကလေးသူငယ်များ အာဟာရယုတ်လျော့ခြင်းအနေအထားကို ကာကွယ်ပေးရန်အတွက် ဗီတာမင်အေ ဖြည့်စွက် တိုက်ကျွေးရေးလှုပ်ရှားမှုကိုလည်း စီမံဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအာဟာရကောင်စီနှင့် ပူးပေါင်းပြီး ယူနီဆက်သည် အပြင်း အထန်/အသည်းအသန် အာဟာရချို့တဲ့လျက်ရှိသည့် အသက် ငါးနှစ်အောက် ကလေးများအတွက် plumpy nut ဘူးပေါင်း ၆၄,၀၀၀ကို ဖြန့်ဝေ ပေးခဲ့ပါသည်။ ထို့အပြင်ရောဂါသစ်များ ဝင်လျက်ရှိသော အပြင်းအထန်အာဟာရချို့တဲ့လျက်ရှိသည့် ကလေးသူငယ်ပေါင်း ၁၀၀၀ကို ကုသရန် F-75 နှင့် F-100 Phased 1 milk နို့နှင့် Resomal (အသင့်စားသုံးနိုင်သော အစားအစာ)များကိုလည်း ဖြန့်ဝေပေးခဲ့ပါသည်။ အတန်အသင့် အာဟာရချို့တဲ့သော ငါးနှစ်အောက်ကလေးငယ်ပေါင်း ၁၁,၀၀၀၏ အာဟာရအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပြီး BP5 ဘူးပေါင်း ၅၅,၀၀၀ကိုလည်း ဖြန့်ဝေခဲ့ပါသည်။ နေရာဒေသအသီးသီးရှိ ဆေးခန်းများမှ အပြင်းအထန် အာဟာရချို့တဲ့လျက်ရှိသော ကလေးသူငယ်များအား ကုသပေးမည့် ဒေသခံကျန်းမာရေးဝန်ထမ်းများကိုလည်း အမျိုးသားအာဟာရကောင်စီနှင့် ပူးပေါင်းပြီး ယူနီဆက်က လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။

**ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး**

ယူနီဆက်သည် ယာယီစခန်းများတွင် အိမ်သာပေါင်း ၂၉၉လုံးကို တည်ဆောက်ပေးခဲ့ပြီး ရပ်ရွာအသိုင်းအဝိုင်းများက အိမ်သာများတည်ဆောက်ရာတွင် အသုံးပြုရန် အိမ်သာအိုးနှင့် ပိုက် အစုံပေါင်း ၂၈,၀၀၀ကိုလည်း ဖြန့်ဝေပေးခဲ့ပါသည်။ ဖြန့်ဝေပေးခဲ့သော ရေသန့်ပစ္စည်းများမှာ ရေသန့်ဆေးရည်နှင့် ရေသန့်ဆေးပြားများဖြစ်ပြီး  ယင်းတို့ကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုပြီး သိုလှောင်သိမ်းဆည်းထားရန်အတွက် အညွှန်းစာရွက်များလည်းတစ်ပါတည်း ပါဝင်ပါသည်။ ရေပုံးများနှင့် ပလတ်စတစ်ဆွဲပုံးများ စုစုပေါင်း ၁၀၀,၀၀၀၊ ရေခတ်ဆေးမှုန့် ၆၄၅ ပီပါ၊ ၂၅၀မီလီလီတာပါ ရေသန့်ဆေးရည်ပုလင်းပေါင်း ၂၂,၀၀၀၊ ၂၀လီတာပါ ရေသန့်ဆေးရည်ဘူးပေါင်း ၃၃၀၊ ရေသန့်ဆေးပြားပေါင်း ၄,၆၆၇,၆၀၈ကိုလည်း ယူနီဆက်က ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအချိန်အထိ ဖြန့်ဖြူးပေးခဲ့သော ပစ္စည်းများမှာ ဘေးအန္တရာယ်ကင်းရှင်းသော ရေကောင်းရေသန့် လီတာပေါင်း ၂၄.၅သန်းကို ထုတ်လုပ်ရန် လုံလောက်သော ပမာဏပင်ဖြစ်ပါသည်။ ယာယီစခန်းများရှိ လူအများအတွက် ရေကောင်းရေသန့်ကို ပေးအပ်ခဲ့ပြီးနောက် ယခုအခါတွင်မူ လူအများ ပြန်သွားကြရာ မုန်တိုင်းဒဏ်ခံခဲ့ရသော ကျေးရွာများအထိ ဆက်လက်ပေးအပ်နိုင်ရန် ယူနီဆက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာများနှင့် အချို့သော မြို့ပြဒေသများရှိ ကန်များနှင့် ရေတွင်းများကဲ့သို့သော ရေအရင်းအမြစ်များကို ပြုပြင်ခြင်း၊ မွမ်းမံခြင်းနှင့် သန့်စင်အောင်ဆောင်ရွက်ခြင်းများကိုလည်း ယူနီဆက်က စတင်ဆောက်ရွက်လျက်ရှိပါသည်။ ရေရှည်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် သင့်တင့်သော နေရာများတွင် အဝီစိတွင်းပေါင်း ၄၀၀ တူးဖော်ပေးရန် ယူနီဆက်က ရည်ရွယ်ထားပါသည်။ လတ်တလောလျာထားသည်မှာ မုန်တိုင်းဒဏ်ခံခဲ့ရသော မြို့နယ်ပေါင်း ရှစ်မြို့နယ်မှ လူဦးရေ၏ ၂၅ မှ ၃၀ရာခိုင်နှုန်းအတွက် ရေကောင်းရေသန့် ရရှိနိုင်ရေးပင်ဖြစ်ပါသည်။

**ပညာရေး**

ကလေးများကျောင်းပြန်တက်နိုင်ကြစေရန် ဆောက်လုပ်ရေးပစ္စည်းများကို ပေးအပ်ခဲ့ပြီး ယနေ့အထိ မုန်တိုင်းဒဏ်ခံခဲ့ရသော ကျောင်းပေါင်း ၁,၃၂၄ကျောင်းကို ပြုပြင်ရာတွင် ပံ့ပိုးကူညီခဲ့ပြီး လုံခြုံမှုရှိသည့် ယာယီ သင်ကြားရေးဌာနပေါင်း ၁၁၃ခုကိုလည်း ယူနီဆက်ကထူထောင်ပေးခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဒေသခံ မိဘဆရာအသင်းများအား ကျောင်းယာယီတဲများ၊ ငွေကြေး၊ တာပေါ်လင်ဖျင်စများကို ပေးအပ်ခဲ့ပါသည်။ လေ့ကျင့်ခန်းစာအုပ်များ၊ ခဲတံများ၊ ခဲဖျက်များ၊ ရောင်စုံခဲတံများပါဝင် သော ကျောင်းသားတစ်ဦးစီအတွက် လိုအပ်သည့်သင်ကြားရေးပစ္စည်း အစုံပေါင်း ၁၂၉,၀၀၀ကိုလည်း ယူနီဆက်က ပေးအပ်ခဲ့ပါသည်။ “သေတ္တာတစ်လုံးနဲ့ပြီးတဲ့ကျောင်းပေါင်း ၇၄၉လုံးကိုလည်းဖြန့်ဝေခဲ့ပါသည်။ အဆိုပါ သေတ္တာတစ်လုံးစီတွင် ကျောင်းသားပေါင်း ၈၀နှင့် ဆရာများအတွက် သင်ကြားရေးအထောက်အပံ့ပစ္စည်းများ အလုံအလောက်ပါဝင်ပါသည်။ ကလေးသူငယ်များအား လူမှုရေးနှင့် စိတ်ပိုင်းအရ ပံ့ပိုးပေးနိုင်ရန်အသေးစိတ် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့် ပြုစုထားပြီး ဆရာ၊ ဆရာမများကို လာမည့်ရက်သတ္တပတ်များအတွင်း ယူနီဆက်က ဖြန့်ဝေပေးသွားမည်ဖြစ်ပါသည်။

ဧရာဝတီတိုင်းအတွင်း ခုနစ်မြို့နယ်တွင် ‘စံပြ’ကလေးပျော်ကျောင်း ခုနစ်ကျောင်း တည်ဆောက်ပေးရန် ပညာရေးဝန်ကြီးဌာနကို ယူနီဆက်က မေတ္တာရပ်ခံခဲ့ပါသည်။ မတည်ဆောက်မီ နမူနာပုံစံကောင်းများ ထုတ်လုပ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့်ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာမှ ဗိသုကာပညာရှင်များကိုလည်း ယူနီဆက်က ငှားရမ်းခဲ့ပြီးဖြစ်ပါသည်။

**ကလေးသူငယ်ကာကွယ်ရေး**

ဆိုင်ကလုံးမုန်တိုင်းဒဏ်ခံရပြီးနောက် ကလေးသူငယ်ကာကွယ်ရေးတွင် အရေးအကြီးဆုံးကိစ္စရပ်မှာ မိသားစုနှင့် ကွဲကွာသွားပြီး အားကိုးရာမဲ့နေသော ကလေးသူငယ်များ၏ ပြဿနာပင်ဖြစ်ပါသည်။ ဇွန်လကုန်တွင် မိသားစုနှင့်ကွဲကွာပြီး အားကိုးရာမဲ့နေသော ကလေးသူငယ်ပေါင်း ၄၂၈ဦးကို ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းတို့အနက်မှ ၁၅ဦးကို မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေးခဲ့ပါသည်။ မိသားစုနှင့်ကွဲကွာပြီး အားကိုးရာမဲ့နေသော ကလေးသူငယ်များအား ရှာဖွေဖော်ထုတ်ရန်၊ ခြေရာခံရန်နှင့် ပံ့ပိုးကူညီပေးရန်တို့အတွက် လူမှုဝန်ထမ်းဝန်ကြီးဌာန၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ယူနီဆက်သည် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

unite for children

unicef

မုန်တိုင်းဒဏ်ရိုက်ခတ်ခြင်းခံထားရသော ဒေသများတွင် မိသားစုများအား ခြေရာခံရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အေဂျင်စီများအချင်းချင်း ကြား မိသားစုနှင့်ကွဲကွာပြီး အားကိုးရာမဲ့နေသော ကလေးသူငယ်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များအား သိမ်းဆည်းသိုလှောင်ရေးနှင့် မျှဝေသုံးစွဲရေးတို့တွင် အဆင်ပြေလွယ်ကူစေရန် လပွတ္တာမြို့၌ သတင်းအချက်အလက် ဗဟိုဌာနတစ်ခုထူထောင်ရာတွင် ယူနီဆက်က ပံ့ပိုးပေးခဲ့ပါသည်။ အဆိုပါဗဟိုဌာနသို့ မိဘများကလည်း မိမိတို့၏ ကလေးများ ပျောက်ဆုံးနေမှုကို လာရောက်သတင်းပို့နိုင်ပါသည်။ မိဘများနှင့်ဖြစ်စေ၊ မိသားစုဝင်တစ်ဦး နှင့်ဖြစ်စေ ပြန်လည်ပေါင်းစည်းရန် မဖြစ်နိုင်သော ကလေးသူငယ်များအတွက်လည်း မိဘမဲ့ဂေဟာများအစား သူတို့၏ လက်ရှိ ရပ်ရွာအသိုင်းအဝိုင်း အတွင်းမှ မိသားစုတစ်စုတွင်ပင် နေရာချထားပေးနိုင်ရေးအတွက် ယူနီဆက်က တင်ပြပေးနေပါသည်။ ရည်ရွယ်သည်မှာ ကလေးသူငယ်များ အား လစ်လျူရှုမှု၊ အကြမ်းဖက်မှု၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် မတရားအမြတ်ထုတ်မှုတို့မှ ကာကွယ်ပေးနိုင်သော ယန္တယားတစ်ရပ် ပေါ်ပေါက်လာရေးပင် ဖြစ်ပါသည်။

ယာယီစခန်းများတွင် ကလေးပျော်စရာ နေရာများ ထူထောင်ခြင်းအားဖြင့် ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကာကွယ်ပေးနိုင်သော ပတ်ဝန်းကျင်များ တိုးမြှင့်ဆောင်ရွက်ရာ၌ ယူနီဆက်သည် လူမှုဝန်ထမ်းဝန်ကြီးဌာနအား ပံ့ပိုးပေးလျက်ရှိပါသည်။ ကလေးပျော်စရာ နေရာများဆိုသည်မှာ လုံခြုံဘေးကင်းသော ပတ်ဝန်းကျင်အတွင်း ကလေးများ နေနိုင်ကြစေရန် လေ့ကျင့်သင်ကြားထားသော လူမှုရေးလုပ်သားများနှင့် ရပ်သူရွာသားများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသော နေရာများပင်ဖြစ်ပါသည်။ ဓနုလကုန် တွင် ကလေးပျော်သော နေရာပေါင်း ၅၁နေရာ ရှိခဲ့ပြီး ယင်းတို့အနက်မှ အချို့ကိုမူ စခန်းများ ပိတ်သိမ်းသွားပြီဖြစ်သည့်အားလျော်စွာ ပိတ်သိမ်းခဲ့ပြီး လည်းဖြစ်ပါသည်။ ရန်ကုန်နှင့် ဧရာဝတီတိုင်းများတွင် အနည်းဆုံး ကလေးပျော်စရာနေရာပေါင်း ၁၀၀ကို ဖွင့်လှစ်သွားရန် ယူနီဆက်က ရည်မှန်းထား ပါသည်။ ပုံမှန်ကျောင်းများ ပြန်လည်ပေါ်ပေါက်လာသည့်အခါ ကလေးပျော်စရာနေရာများကို ကျောင်းများအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်နိုင်မည်လည်း ဖြစ်ပါသည်။ ကလေးသူငယ်ကာကွယ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ကြရာတွင်လည်း ကလေးပျော်စရာနေရာများကို အသုံးပြုသွားနိုင်လိမ့်မည် ဖြစ်ပါသည်။

**ယူနီဆက်နှင့်စပ်လျဉ်း၍**

ရှေးဦးကလေးသူငယ်ဘဝမှသည် ဆယ်ကျော်သက်ရွယ်အထိ ကလေးသူငယ်များ ဆက်လက်ရှင်သန်နိုင်ရေးနှင့်ရပ်တည်နိုင်ရေးတို့အတွက် ကူညီပံ့ပိုးပေးရန် နိုင်ငံပေါင်း ၁၅၀ကျော်တွင် ယူနီဆက်က ကွင်းဆင်းဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအား ကာကွယ်ဆေးများပေးအပ်ရာတွင် ကမ္ဘာ့ အကြီးဆုံးအဖွဲ့အစည်းတစ်ရပ်ဖြစ်သော ယူနီဆက်သည် ကလေးသူငယ်များ၏ ကျန်းမာရေးနှင့် အာဟာရကိုလည်းကောင်း၊ ရေကောင်းရေသန့်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကိုလည်းကောင်း၊ ယောကျ်ားလေးများနှင့် မိန်းကလေးများအားလုံးအတွက် အရည်အသွေးပြည့်မီသော အခြေခံပညာရေးကိုလည်းကောင်း၊ အကြမ်းဖက်မှု၊ အမြတ်ထုတ်မှုနှင့် အေအိုင်ဒီအက်(စ်)ရောဂါတို့မှ ကလေးသူငယ်များအား အကာအကွယ်ပေးရေးကိုလည်းကောင်း ထောက်ပံ့ကူညီလျက်ရှိပါသည်။ ယူနီဆက်၏ ရန်ပုံငွေ အားလုံးမှာ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရများက မိမိတို့၏သဘောဆန္ဒအလျောက် လှူဒါန်းပေးအပ်ထားသော ရန်ပုံငွေများသာ ဖြစ်ပါသည်။

**အသေးစိတ်သိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ကြပါသည်။**

Zafrin Chowdhury, ယူနီဆက် မြန်မာ၊ ဖုန်း (၀၁) ၃၇၅၅၂၇-၃၂ လိုင်းခွဲ ၁၄၄၃၊ zchowdhury@unicef.org
စန္ဒာလင်း၊ ဆက်သွယ်ရေးအရာရှိ၊ ယူနီဆက် မြန်မာ၊ ဖုန်း ၉၅ ၁ ၃၇၅၅၂၇ – ၃၂ လိုင်းခွဲ ၁၄၃၉၊ slinn@unicef.org
Shantha Bloemen, ယူနီဆက် ထိုင်း၊ ဖုန်း + ၆၆-၂-၃၅၆-၉၄-၇၊ sbloemen@unicef.org
Patrick McCormick, ယူနီဆက် နယူးယောက်(ခ်)၊ ဖုန်း + ၁ ၂၁၂ ၃၂၆ ၇၄၂၆ pmccormick@unicef.org
Véronique Taveau, ယူနီဆက် ဂျနီဗာ၊ ဖုန်း + ၄၁ ၂၂ ၉၀၉ ၅၇၁၆၊ vtaveau@unicef.org
Miranda Eeles, ယူနီဆက် ဂျနီဗာ၊ ဖုန်း + ၄၁ ၂၂ ၉၀၉ ၅၇၁၅၊ meeles@unicef.org